# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၁၀၆ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr. Mark Gerald Eman<br>Managing Director |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | JAPFA Comfeed Myanmar Pte.,Ltd.<br>အမှတ်(၂၆၄)၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>၀၉-၇၈၉၆၀၀၅၅၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | အသားတိုးကြက် မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ၁၀ ဧက(၄၀၄၆၈.၆ စတုရန်းမီတာ) |
| (စ) | **စီမံကိန်းတည်နေရာ** | - | မြေကွက်အမှတ်( ၁၁+ ၁၂)၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်(၂)၊ ကြာအင်းကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | ECC သက်တမ်း (၅)နှစ် | - | စတင်ထုတ်ပေးရက် - ၄-၁၁-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၃-၁၁-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | JAPFA Comfeed Myanmar Pte.,Ltd. ၏ ၈-၅-၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာ"** |



၆.၁၁.၂၀၂၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေဧရိယာ(၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေဧရိယာ(၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက် မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၁၇-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/EIA/၅(၃)(၁၆၂၄/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် တတိယအဖွဲ့အစည်းဖြစ်သော Sustainable Environment Myanmar Co.,Ltd.(SEM)မှ ရေးသားပြုစုသော အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC)ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Mark Gerald Eman, Managing Director, JAPFA Comfeed Myanmar Pte.,Ltd.၊ အမှတ်(၂၆၄)၊ (ဖ)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၇၈၉၆၀၀၅၅၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ကြက်သားပေါက်အဆင့်၊ ကြက်လတ်အဆင့်၊ ကြက်ကြီးအဆင့်ဟူ၍ အဆင့်(၃)ဆင့်ဖြင့် မွေးမြူခြင်း၊ အားဆေးနှင့်ကာကွယ်ဆေး တိုက်ကျွေးခြင်း၊ ကြက်များအား အပူဒဏ်ကို ကာကွယ်ရန် စိုထိုင်းမှုနှင့်အစိုဓာတ်ကို ထိန်းချုပ်ရန်အတွက် လေဝင်လေထွက်စနစ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အစာဖြတ်ခြင်း၊ ကြက်ဖမ်းခြင်းနှင့် ချိန်တွယ်ခြင်း၊ သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းထွက်ရှိမှုအနက် ကြက်မွေးမြူထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော စွန့်ပစ်အစာများ၊ တိရစ္ဆာန်အညစ်အကြေးများနှင့် တိရစ္ဆာန်အသေကောင်များ အနည်းငယ် ထွက်ရှိမည်ဖြစ်ပြီး အစာကျွေးစဉ် မိုး၊ လေတို့နှင့် ထိတွေ့ခြင်းမှ ကာကွယ်ခြင်း၊ ကြက်ချေးဖွဲ့ သိုလှောင်ရုံများကို စနစ်တကျ တည်ဆောက်ခြင်း၊ ကြက်ချေးဖွဲ့များ၊ စွန့်ပစ်အမှိုက်များကို တတ်နိုင်သမျှ ခြောက်သွေ့အောင်ထားပြီးမှ စွန့်ပစ်ခြင်းနှင့် အခြားစွန့်ပစ်အမှိုက်များအား 3Rs စနစ်ကို အခြေခံပြီး စုပုံစွန့်ပစ်၍ သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ခြင်းနှင့် အနံ့ဆိုးထွက်ရှိမှု လျော့နည်းစေရန် လေဝင်လေထွက်စနစ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် နေ့စဉ် သန့်ရှင်းရေးများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ အသားတိုးကြက်မွေးမြူရေးခြံအတွက် အဓိကကုန်ကြမ်းမှာ ကြက်စာ၊ ရက်သားကြက်ပေါက်များနှင့် စပါးခွံတို့ဖြစ်ပြီး ကုန်ကြမ်းများအား ကုမ္ပဏီ၏ အခွဲလုပ်ငန်းတစ်ခုဖြစ်သည့် မြောင်းတကာကြက်စာစက်ရုံ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သုံးဆယ်မြို့နှင့် ဥက္ကံမြို့မှဝယ်ယူသော စပါးခွံများအား အသုံးပြုခြင်းနှင့် ကြက်သားပေါက်များအား ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ချော်ကုန်းကျေးရွာတွင် တည်ရှိသည့် ပင်မသားဖောက်ရုံမှ တိုက်ရိုက်ရယူမည် ဖြစ်ပါသည်။ ဓာတုပစ္စည်းအသုံးပြုမှုအနေဖြင့် Chlorine(60)kg, Formalin (100)L, Potassium Permanganate(30)kg, Proto-ground(30)L ၊ စက်ယန္တရားနှင့်အခြားပစ္စည်းများအနေဖြင့် Confan, Auto belt tensioner for fan(1.5 Hp 84 %high efficient), Shutter, Accessories box, Round grill,, Cooling Pad& Gutters, Controller fan Tempton, Hanging Feeder, Baby Chick Feeder, Water Fount(1 gal), Water Line, Cooling Pad Motor, Exhaust Fan Motor, Hand Sprayer(20 L and 1L), Gas Brooder ၊ ရေအသုံးပြုမှုအနေဖြင့် (၃,၀၀၀)ဂါလန်ဆံ့ ကန်များဖြင့်သိုလှောင်၍ လုပ်ငန်းလည်ပတ်သည့်ကာလတွင် (၂၉၁,၇၀၀)ဂါလန်နှင့် အထွေထွေသုံးရေအတွက် တစ်ရက်လျှင်(၆,၀၀၀)ဂါလန်ခန့် အသုံးပြုမည်ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအင်အသုံးပြုမှုအနေဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ 315 KVA ထရန်စဖော်မာဖြင့် သွယ်တန်းအသုံးပြုခြင်းနှင့် အရန်အဖြစ် 220 kVA ဂျင်နရေတာအား အသုံးပြုသွားမည်ဖြစ်ပြီး တစ်လလျှင် လျှပ်စစ်ဓာတ်အား(39,002)ယူနစ်ခန့် အသုံးပြု သွားမည်ဖြစ်ပါသည်။ လောင်စာအသုံးပြုမှုအနေဖြင့် Propane Gas အား နွေရာသီကာလတွင် 867.16 kg နှင့် ဆောင်းရာသီ ကာလတွင် 634.6 kg ခန့် အသုံးပြုသွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** စီမံကိန်းတည်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)တွင်ဖြစ်ပါသည်။


JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်း ကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေဧရိယာ(၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအတွက် တည်နေရာပြမြေပုံ




JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေဧရိယာ(၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအတွက် The Whole Farm Layout Plan



JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေဧရိယာ(၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအတွက် Layout Plan of Controlled Environmental Building



## JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေဧရိယာ(၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် Process Flow



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ JAPFA Comfeed Myanmar Pte.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၂)၊ မြေကွက်အမှတ်(၁၁၊ ၁၂)ရှိ မြေရေိယာ (၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသားတိုးကြက် မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၁၇-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/EIA/၅(၃)(၁၆၂၄/၂၀၂၄)ဖြင့် တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ကြက်သားပေါက်အဆင့်၊ ကြက်လတ်အဆင့်၊ ကြက်ကြီးအဆင့်ဟူ၍ အဆင့်(၃)ဆင့်ဖြင့် မွေးမြူခြင်း၊ အားဆေးနှင့်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကြက်များအားအပူဒဏ်ကို ကာကွယ်ရန် စိုထိုင်းမှုနှင့် အစိုဓာတ်ကို ထိန်းချုပ် ရန်အတွက် လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အစာဖြတ်ခြင်း၊ ကြက်ဖမ်းခြင်းနှင့် ချိန်တွယ်ခြင်း၊ သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းထွက်ရှိမှုအနက် ကြက်မွေးမြူထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော စွန့်ပစ်အစာများ၊ တိရစ္ဆာန်အညစ်အကြေးများနှင့် တိရစ္ဆာန်အသေကောင်များ အနည်းငယ်ထွက်ရှိမည်ဖြစ်ပြီး အစာကျွေးစဉ် မိုး၊ လေတို့နှင့် ထိတွေ့ခြင်းမှ ကာကွယ်ခြင်း၊ ကြက်ချေးဖွဲ့သိုလှောင်ရုံများကို စနစ်တကျ တည်ဆောက်ခြင်း၊ ကြက်ချေးဖွဲ့များ၊ စွန့်ပစ်အမှိုက်များကို တတ်နိုင်သမျှ ခြောက်သွေ့အောင်ထားပြီးမှ စွန့်ပစ်ခြင်းနှင့် အခြားစွန့်ပစ်အမှိုက်များအား 3Rs စနစ်ကို အခြေခံပြီး စုပုံစွန့်ပစ်၍ သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ခြင်း၊ အနံ့ဆိုးထွက်ရှိမှု လျော့နည်းစေရန် လေဝင်လေထွက်စနစ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် နေ့စဉ် သန့်ရှင်းရေးများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်ရေးကာလတွင် အောက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက) မြေသားပြုပြင်ခြင်းလုပ်ငန်းအတွက် မြေတူးဖော်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်းနှင့် မြေစာစုပုံခြင်းတို့ ဆောင်ရွက်ရာတွင် ရေဖျန်းခြင်း၊ လုပ်ငန်းခွင်အနီးဝန်းကျင်အား အစိမ်းပတ်များဖြင့် ကာရံခြင်းနှင့် အဖုံး အအုပ်ဖြင့် သယ်ယူခြင်းများ ဆောင်ရွက်ရန်၊

(ခခ) တူးဖော်ပြီး မြေနေရာများအား မြေပြန်လည် ဖြည့်တင်းခြင်းနှင့် အစားထိုး သစ်ပင်များ စိုက်ပျိုးရန်၊

(ဂဂ) လုပ်ငန်းခွင်အတွင်း ယာဉ်သွားလာမှုကို ကန့်သတ်သွားရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက) ကြက်ခြံရှိ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ သိမ်းဆည်းရန်နှင့် နေ့စဉ် စွန့်ပစ်ရန်၊

(ခခ) ကြက်ချေးနှင့်ဖွဲများ စုပုံသည့်နေရာအား အနံ့ဆိုးထွက်ရှိမှု လျော့နည်း စေရန် တတ်နိုင်သမျှ ချက်ချင်း သန့်စင်ခြင်းရန်၊

(ဂဂ) အစာများ သိုလှောင်ခြင်းနှင့် အတင်အချ ဆောင်ရွက်ရာမှ ဖုန်မှုန့် ထွက်ရှိမှုများ လျှော့ချရန် အစာသိုလှောင်ရုံများအား အလုံပိတ် အဆောက်အဦများ အသုံးပြုခြင်းနှင့် စက်ရုံနှင့်အနီးတစ်ဝိုက်ရှိ လမ်းများအား ရေဖျန်းရန်၊

(ဃဃ) စက်ရုံအတွင်း အနံ့ဆိုးထွက်ရှိမှု လျော့နည်းစေရန် ကြက်ချေးဖွဲ သိုလှောင်မှု၏ အပူချိန်၊ စိုထိုင်းဆနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာ အချက်များ ထိန်းညှိပေးခြင်းနှင့် အအေးခံပြား၊ အိတ်ဇောပန်ကာများနှင့် အပူချိန်ထိန်းကိရိယာများ တပ်ဆင်ရန်၊

(ငင) ကြက်ခြံအတွင်းပိုင်းကို ပုံမှန် သန့်ရှင်းရေး ဆောင်ရွက်ရန်၊

(စစ) ကြက်စာအိတ်များမှ ဖုန်မှုန့်ထွက်ရှိမှုကို လျှော့ချရန်အတွက် ကြက်ခြံများ အတွင်း စိုထိုင်းဆ(Relative Humidity)ကို စီမံ ဆောင်ရွက်ရန်၊

(ဆဆ) ခြောက်သွေ့သောရာသီတွင် ကြက်ခြံအတွင်းပိုင်းနှင့် အပြင်ပတ်ဝန်းကျင်ကို သတ်မှတ် ရေဖျန်းခြင်းစနစ်ထက် ပိုမိုရေဖျန်းရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလများတွင် တစ်ဖက်ပါအတိုင်း အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)စီမံကိန်းအတွင်း ရေနုတ်မြောင်းများ ပြုလုပ်ရန်၊

(ခခ) ပိုက်လိုင်းများ ပျက်ဆီးမှု ရှိ/မရှိ ပုံမှန် စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းရန်၊

(ဂဂ) ဝန်ထမ်းများအား ရေအသုံးပြုမှုနှင့်ပတ်သက်၍ အသိပညာပေးသင်တန်းများ သင်ကြားပြသရန်၊

(ဃဃ)စီမံကိန်းအတွင်း လောင်စာဆီ(သို့မဟုတ်)စက်ချောဆီများ အများအပြား သိုလှောင်သိမ်းဆည်းခြင်း မပြုရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူအသုံးပြုခြင်းဖြင့် ဆီများယိုဖိတ်မှုကို လျှော့ချရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)အဆောက်အဦသန့်ရှင်းရေးမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို ရေနုတ်မြောင်းမှ ဖောက်ထုတ်ပြီး အနည်စစ်ကန်ထဲ၌ စုဆောင်းသိမ်းဆည်းရန်၊

(ခခ) ရုံးများ၊ စားဖိုဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ၏ ရေဆိုးသန့်စင်စနစ်ဖြင့် မိလ္လာစနစ်အား ပုံမှန် သန့်စင်ခြင်းများ ဆောင်ရွက်ရန်၊

(ဂဂ) ဝန်ထမ်းများအား ရေများကို လိုအပ်မှသာ အသုံးပြုခြင်းနှင့် ရေသုံးစွဲမှုပမာဏကို တတ်နိုင်သမျှ လျှော့ချသုံးစွဲရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)စီမံကိန်းနှင့်အနီးဝန်းကျင်တွင် ဆူညံသံထွက်ရှိမှု လျှော့ချရန်အတွက် ယာဉ်ယန္တရားများကို ပစ္စည်းအတင်အချ ပြုလုပ်နေချိန်တွင် စက်အင်ဂျင်များကို ရပ်နားထားရန်၊

(ခခ) ဆူညံသံထွက်ရှိနိုင်သော မီးစက်များနှင့် အကြီးစား စက်ပစ္စည်းများကို အသုံးပြုနေစဉ်တွင် အကာအရံများအတွင်း ထားရှိခြင်းဖြင့် ဆူညံသံထွက်ရှိမှုကို လျှော့ချရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)စက်ရုံ၏ ဝန်ထမ်းများအတွက် နားကြပ်နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ စီစဉ် ထားရှိရန်နှင့် စနစ်တကျ ဝတ်ဆင် သုံးစွဲစေရန်၊

(ခခ) စက်ပစ္စည်းများအား အသုံးမပြုသည့်အခါတွင် ပိတ်ထားရန်နှင့် စက်ယန္တရားသုံးစွဲမှု ပမာဏကို ကန့်သတ် လျှော့ချရန်၊

(ဂဂ) စက်ယန္တရားများ သီးသန့်နေရာတွင် ထားရှိရန်နှင့် ကြားခံဇုန်များ စီစဉ် ထားရှိရန်၊

(ဃဃ)ဆူညံသံအဆင့်ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း ထိန်းသိမ်းရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)ဒေသမျိုးရင်းအပင်များအား ထိန်းသိမ်းရန်၊

(ခခ) စီမံကိန်းလုပ်ငန်းများကြောင့် စီမံကိန်းအတွင်း အပင်နှင့်တိရစ္ဆာန်များ ထိခိုက်မှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်နှင့် အနီးနားဒေသများသို့ ထိခိုက်မှုများ ကင်းဝေးစေရန်အတွက် သင့်လျော်သော နယ်နိမိတ် သတ်မှတ်မှုကို သေချာစွာ ဆောင်ရွက်ရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)အပင်များအား မလိုအပ်ပါက ခုတ်လှဲခြင်းများ မပြုလုပ်ရန်၊

(ခခ) ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် စီမံကိန်းဧရိယာ၏ အထိအခိုက် မခံနိုင်သော အခြေအနေများကို သိရှိစေရန်အတွက် အလုပ်သမားများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချရန်၊

(ဂဂ) စီမံကိန်းလုပ်ငန်းပြီးစီးပါက ယာယီအားဖြင့် သက်ရောက်မှု ရှိထားသည့် လုပ်ငန်းခွင်နေရာအား သစ်ပင်/ချုံပင်နှင့် မြက်ခင်းများဖြင့် ပြန်လည် ထားရှိရန်၊

(ဃဃ)ဝန်ထမ်းများအား တောရိုင်းတိရစ္ဆာန်များကို အကြောင်းမဲ့ သတ်ဖြတ်ခြင်းမှ ကန့်သတ်ရန်နှင့် သတိပေးပိုစတာများအား မြင်သာသော နေရာတွင် ချိတ်ဆွဲ ထားရှိရန်၊

(ငင) မြေယာရှင်းလင်းခြင်းနှင့် မြေပြင်ဆင်မှုပြီးသည်နှင့်တစ်ပြိုင်နက် မြေ ပြန်လည် ဖြည့်တင်းခြင်းနှင့် အပင်များ ပြန်လည်စိုက်ပျိုးရန်၊

(စစ) ကြက်ခြံဧရိယာကို တိကျစွာ သတ်မှတ်ထားရှိပြီး ပတ်လည်ခြံစည်း ရိုးဖြင့် ကာကွယ်ထားရှိရန်၊

(ဆဆ)ကြက်ခြံများတွင် ဇီဝဘေးအန္တရာယ်ဆိုင်ရာ သတိပေး ဆိုင်းဘုတ်များကို ရှင်းလင်းပြတ်သားစွာ မြင်နိုင်သောနေရာများတွင် စိုက်ထူထားရန်၊

(ဇဇ) ကြက်ခြံအတွင်း လုပ်ငန်းဆောင်ရွက်ခြင်း မပြုလုပ်ချိန်တွင် ကြက်အိမ်များကို သော့ခတ်ခြင်းနှင့် ကြက်ခြံများကို အမြဲသန့်ရှင်းအောင်ထားရှိပြီး ပိုးသတ်ဆေး ပုံမှန် ဖျန်းရန်၊

(ဈဈ) ကြက်အသေကောင်များအား စနစ်တကျ စွန့်ပစ်မှုနည်းလမ်းများဖြင့် စွန့်ပစ်ရန်၊

(ညည)ကြွက်နှင့်ယင်ကောင်များကြောင့် ညစ်ညမ်းမှု မဖြစ်ပေါ်စေရန် ကြက်ခြံများ၊ သိုလှောင်ရုံများကို ခြောက်သွေ့စွာ ထားရှိရန်နှင့် မိလ္လာပိုက်များ၊ အိမ်သာများ၊ ရေဆိုးမြောင်းများ၊ အမှိုက်ပုံများနှင့် စားဖိုဆောင်များအား ပုံမှန် သန့်ရှင်းရေးများ ဆောင်ရွက်ရန်။

(ည) **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)အမှိုက်များအား အမျိုးအစားခွဲခြား၍ သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်နှင့် အမှိုက်ပုံးများအား လုံလောက်စွာ ထားရှိရန်၊

(ခခ) အသုံးပြုပြီးသော အင်ဂျင်ဝိုင်များ၊ အင်ဂျင်ဆီများ အပါအဝင် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းရန်အတွက် သိုလှောင်ကန်များထားရှိရန်နှင့် တံဆိပ်ကပ်ထားရန်၊

(ဂဂ) ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများအား ပြန်လည် အသုံးပြုရန်နှင့် ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(ဃဃ)တစ်ခါသုံးပစ္စည်းများ အသုံးပြုမှုအား ထိန်းချုပ် ကန့်သတ်ရန်နှင့် ကြာရှည်ခံ ပစ္စည်းများကိုသာ အသုံးပြုရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ရန်နှင့် အမှိုက်ပုံးများအား လုံလောက်အောင် စီစဉ်ရန်၊

(ခခ) ပြန်လည် အသုံးပြု၍ရသော ပစ္စည်းများအား ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ရယူခြင်းနှင့် ရောင်းချခြင်း၊ ပြန်လည်အသုံးပြု၍မရသော

ပစ္စည်းများအား သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(ဂဂ) တစ်ခါသုံးပစ္စည်းများအား လျှော့ချ အသုံးပြုရန်နှင့် ကြာရှည်ခံသော ပစ္စည်းများကိုသာ အသုံးပြုသွားရန်၊

(ဃဃ)နေရောင်ခြည်၊ လေ၊ မိုးစသည်တို့၏ ဖျက်ဆီးမှုကြောင့် ထွက်ရှိလာနိုင်သော အမှိုက်ပမာဏကို လျှော့ချရန်အတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ သိုလှောင်သိမ်းဆည်းရန်၊

(ငင) Packing Waste များ ထွက်ရှိမှု လျှော့ချရန်အတွက် Packing အနည်းဆုံးပါရှိသော ပစ္စည်းများကို အသုံးပြုရန်၊

(စစ) ကြက်ချေးဖွဲသိုလှောင်ရုံများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊

(ဆဆ)ကြက်ချေးဖွဲများနှင့် အမှိုက်များကို ခြောက်သွေ့အောင် ထားပြီးမှ သာလျှင် စွန့်ပစ်သွားရန်၊

(ဇဇ) စွန့်ပစ်ပစ္စည်းများအား 3Rs စနစ်ကို အခြေခံ၍ စွန့်ပစ်ရန်၊

(ဈဈ) ကြက်အစာများကို သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ရန်နှင့် အစာကျွေးစဉ် အတွင်း မိုး၊ လေတို့နှင့် ထိတွေ့ခြင်းမှ ကာကွယ်ရန်။

(ဠ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း အရေးပေါ်ပြုစုရေးသင်တန်းများအား လေ့ကျင့် သင်ကြားပေးခြင်းနှင့် ရှေးဦးသူနာပြုအကူပစ္စည်းများ လုပ်ငန်းခွင်အတွင်း အရန်သင့် ထားရှိရန်၊

(ခခ) ဝန်ထမ်းများအား တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ စနစ်တကျ ဝတ်ဆင် အသုံးပြုရန်နှင့် လုံလောက်စွာ ထားရှိရန်၊

(ဂဂ) လုပ်ငန်းခွင်အတွင်း ပစ္စည်းများ မတော်တဆ ပြုတ်ကျခြင်းနှင့် ချို့ယွင်းခြင်းများ ဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်ရန် စက်ပစ္စည်းများကို မြင့်မားသောနေရာတွင် မထားရှိခြင်းနှင့် စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(ဃဃ)ဖုန်မှုန့်ထွက်ရှိမှု လျှော့နည်းစေရေး လုပ်ငန်းခွင်အတွင်း ရေဖျန်းရန်နှင့် တည်ဆောက်ရေးကာလတွင် ယာယီသန့်ရှင်းရေး အဆောက်အဦများ ထားရှိရန်၊

(ငင) လုပ်ငန်းခွင်အတွင်း မီးသတ်ဆေးဘူးများ လုံလောက်စွာ ထားရှိရန်၊

(စစ) ယာဉ်မတော်တဆ ဖြစ်ပွားမှုများ လျော့နည်းစေရန်အတွက် ယာဉ်သွားလာမှုအား ထိန်းချုပ် ကန့်သတ်ရန်။

(၂) လုပ်ငန်းလည်ပတ်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက) ကြက်မွေးမြူရေးလုပ်ငန်းအတွက် မှန်ကန်သော နည်းစနစ်များကို လေ့ကျင့် သင်ကြားရန်နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများဖြစ်သော လက်အိတ်များ၊ ရှေ့ဖုံးခါးစည်းများကဲ့သို့သော ပစ္စည်းများ ထားရှိရန်၊

(ခခ) ဇီဝပိုးများကြောင့် ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်များကို အလုပ်သမားများအား လေ့ကျင့် သင်ကြားပေးရန်နှင့် ကြိုတင်သိရှိ၍ လျှော့ချရေးများ ဆောင်ရွက်နိုင်ရန် သင်တန်းပေးခြင်းများ ဆောင်ရွက်ရန်၊

(ဂဂ) ကြက်သားမပေါက်ခင် ကြက်ခြံသန့်ရှင်းရေး ပြုလုပ်ရန်၊ အမှိုက်ပစ်သည့် နေရာများကို သန့်ရှင်းခြောက်သွေ့သော အဆောက်အဦဖြင့် ထားရှိရန်၊

(ဃဃ) ကြက်သေများကို ကောင်းမွန်စွာ စီမံခန့်ခွဲပြီး စွန့်ပစ်ရန်၊

(ငင) ရောဂါကူးစက်နေသော ကြက်များကို ခွဲခြားထားရှိ၍ ကြက်ခြံအနီးသို့ အများပြည်သူ မလာရောက်စေရေး အသိပေး အကြောင်းကြားရန်၊

(စစ) ကူးစက်ရောဂါ ဖြစ်ပွားထားသော နေရာအား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(ဆဆ) အရည်အသွေးကောင်းမွန်ပြီး သန့်ရှင်းသောရေများနှင့် ကောင်းမွန်သော အစာများကို ရောဂါကင်းစင်အောင် ထားရှိရန်၊

(ဇဇ) ကြက်နှင့်တောငှက်စိတ်မျိုးများ၊ ကြွက်များနှင့်ပိုးမွှားများကြား ထိတွေ့မှုကို တားဆီးရန်နှင့် တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်သော နေရာများတွင် ကြက်စာများ ထားရှိရန်၊

(ဈဈ) အဆောက်အဦများကို လေဝင်လေထွက်စနစ် ကောင်းမွန်အောင် ထားရှိရန်။

(၄) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း သတ်မှတ်နေရာအလိုက် မီးသတ်ဆေးဘူးများ လုံလောက်စွာ ထားရှိရန်၊

(၂) ဂါလန်(၁၀,၀၀၀)ဆံ့ မီးသတ်ရေသိုလှောင်ကန်အား ထားရှိရန်။

(ဍ) **လူမှုစီးပွားရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) စီမံကိန်းလည်ပတ်သည့်ကာလများတွင် ဒေသတွင်း အလုပ်သမားများအား ဦးစားပေး ခန့်ထားခြင်းနှင့် အလုပ်ခန့်ထားခြင်းအတွက် သင့်လျော်သော လုပ်ထုံး လုပ်နည်းများနှင့်ပတ်သက်၍ သဘောတူညီချက်ရယူရန်၊

(၂) သောက်သုံးရေနှင့် စားသောက်ဆောင်နေရာအား ဝန်ထမ်းအင်အားနှင့် တွက်ချက်၍ လုံလောက်အောင် စီစဉ် ဆောင်ရွက်ရန်။

(ဎ) **စောင့်ကြပ်ကြည့်ရှုမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် –

(ကက)လေအရည်အသွေးနှင့်စပ်လျဉ်း၍ NO, $SO_2$, $PM_{10}$, $PM_{2.5}$, CO and $O_3$ စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၈,၁၀၀)အား လျာထား သုံးစွဲရန်၊

(ခခ) ဆူညံသံနှင့်တုန်ခါမှုပတ်သက်၍ Noise level အား dBA ဖြင့် ဖော်ပြပြီး တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန် ဒေါ်လာ(၆၀၀)အား လျာထားသုံးစွဲရန်၊

(ဂဂ) မြေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, Moisture, Arsenic, Cadmium, Chromium, Copper, Mercury, Nickel, Lead, Znic စသည့် Parameter များအား နှစ်စဉ် တိုင်းတာစစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၃၀၀)အား လျာထားသုံးစွဲရန်၊

(ဃဃ)မြေအောက်ရေနှင့်မြေပေါ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ BOD, COD, Oil & Grease, Total Coliform bacteria, Total Dissolved Solid, Total phosph-orus, pH, Temperature, DO, EC, Turbidity, Salinity စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၄,၅၀၀)အား လျာထား သုံးစွဲရန်၊

(ငင) ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နှစ်စဉ် ပြုပြင် ထိန်းသိမ်းခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၁,၀၀၀)အား လျာထားသုံးစွဲရန်၊

(စစ) စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့်ပတ်သက်၍ အမှိုက်ပုံးများ၊ စားဖိုဆောင်များနှင့် ကြက်စာသိုလှောင်ရုံများတွင် တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ

စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၈၀၀)အား လျာထား သုံးစွဲရန်၊

(ဆဆ)လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့် ပတ်သက်၍ တစ်ကိုယ်ရေပစ္စည်းသုံးစွဲမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်မှု အခြေအနေများ၊ ဇီဝဗေဒဆိုင်ရာ ရောဂါကာကွယ် ထိန်းချုပ်မှု အခြေအနေများအား ကြက်ခြံအတွင်း နေ့စဉ် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန် ဒေါ်လာ(၁,၀၀၀)အား လျာထား သုံးစွဲရန်၊

(ဇဇ) လူမှုစီးပွားရေးနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်မှုအပေါ် အနီးပတ်ဝန်းကျင် ဒေသခံများထံမှ သဘောထားနှင့် အကြံဉာဏ်များ တောင်းခံခြင်းများအား လစဉ် ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅၀၀)အား လျာထား သုံးစွဲရန်။

(၂) လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် အောက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက)လေအရည်အသွေးနှင့်စပ်လျဉ်း၍ NO, $SO_2$, $PM_{10}$, $PM_{2.5}$, CO and $O_3$ စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေး ခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၈,၁၀၀)အား လျာထားသုံးစွဲရန်၊

(ခခ) ဆူညံသံနှင့်တုန်ခါမှုပတ်သက်၍ Noise level အား dBA ဖြင့် ဖော်ပြပြီး တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန် ဒေါ်လာ(၆၀၀)အား လျာထားသုံးစွဲရန်၊

(ဂဂ) မြေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, Moisture, Arsenic, Cadmium, Chromium, Copper, Mercury, Nickel, Lead, Znic စသည့် Parameter များအား နှစ်စဉ် တိုင်းတာစစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၃၀၀)အား လျာထားသုံးစွဲရန်၊

(ဃဃ)မြေအောက်ရေနှင့်မြေပေါ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ BOD, COD, Oil & Grease, Total Coliform bacteria, Total Dissolved Solid, Total phosph-orus, pH, Temperature, DO, EC, Turbidity, Salinity စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၄,၅၀၀)အား လျာထား သုံးစွဲရန်၊

(ငင) ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နှစ်စဉ် ပြုပြင် ထိန်းသိမ်းခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၁,၀၀၀)အား လျာထားသုံးစွဲရန်၊

(စစ) စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့်ပတ်သက်၍ အမှိုက်ပုံများ၊ စားဖိုဆောင်များနှင့် ကြက်စာသိုလှောင်ရုံများတွင် တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၈၀၀)အား လျာထားသုံးစွဲရန်၊

(ဆဆ)လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့် ပတ်သက်၍ တစ်ကိုယ်ရေပစ္စည်းသုံးစွဲမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်မှု အခြေအနေများ၊ ဇီဝဗေဒဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်မှု အခြေအနေများအား ကြက်ခြံအတွင်း နေ့စဉ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၁,၀၀၀)အား လျာထားသုံးစွဲရန်၊

(ဇဇ) လူမှုစီးပွားရေးနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်မှုအပေါ် အနီးပတ်ဝန်းကျင်ဒေသခံများထံမှ သဘောထားနှင့် အကြံဉာဏ်များ တောင်းခံခြင်းများအား လစဉ် ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၅၀၀)အား လျာထားသုံးစွဲရန်၊

(ဈဈ) အနံ့ဆိုးထွက်ရှိမှုနှင့်ပတ်သက်၍ Ammonia, Amines and amides and Organic and inorganic စသည့်ပါရာမီတာများအား လစဉ် စောင့်ကြည့်တိုင်းတာခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၁,၂၀၀)အား လျာထား သုံးစွဲရန်၊

(ညည)စွန့်ပစ်ရေအရည်အသွေးထွက်ရှိမှုနှင့်ပတ်သက်၍ ရေဆိုးစုကန်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း ကိုက်ညီမှုရှိစေရေး စောင့်ကြည့် စစ်ဆေးခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂,၀၀၀)အား လျာထားသုံးစွဲရန်၊

(ဋဋ) လုပ်ငန်းခွင်နှင့်အနီးဝန်းကျင်ဒေသခံများအား ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းများ နှစ်စဉ် သင်ကြားပြသခြင်းများ ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၇,၃၅၀)အား လျာထား သုံးစွဲရန်။

(ဏ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်

အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ထ) **လုပ်ငန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်သည့်ကာလများတွင် လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အောက်ဖော်ပြပါအတိုင်း လျာထားသုံးစွဲရန်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်းနှင့် ထိခိုက်မှုများအပေါ်(လေ၊ ဆူညံသံ၊ ရေအရည်အသွေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့်လူမှုစီးပွားရေး)စသည်တို့အား တည်ဆောက်ရေးကာလအတွင်း လျော့ပါးစေရေးနည်းလမ်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ အမေရိကန် ဒေါ်လာ(၁၀၀,၀၀၀)အား လျာထားသုံးစွဲရန်၊

(၂) မီးဘေးအန္တရာယ်ကာကွယ်ခြင်း၊ အရေးပေါ်အခြေအနေတုံ့ပြန်မှု၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် အလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၅၀၀,၀၀၀)အား လျာထားသုံးစွဲရန်၊

(၃) ရေဆိုးသန့်စင်စနစ်နှင့် အခြားဆက်စပ်သောလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၁၀၀,၀၀၀)အား လျာထားသုံးစွဲရန်၊

(၄) ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၇၅,၀၀၀)အား လျာထားသုံးစွဲရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၁၀,၀၀၀)အား လျာထား သုံးစွဲမည်ဖြစ်ကြောင်း၊

လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံဖြည့်စွက် ဆောင်ရွက်ရမည်။

(ဒ) **လုပ်ငန်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များအား အမျိုးအစားခွဲခြား၍ စနစ်တကျ သန့်စင် စွန့်ပစ်ခြင်းနှင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(၂) အဆောက်အဦများ၊ တပ်ဆင်ထားသော စက်ပစ္စည်းများ၊ ဝန်ထမ်းဆောင်များ၊ ကြက်ခြံများနှင့် စားဖိုဆောင်များ စသည်တို့ကို တတ်နိုင်သမျှ ဖယ်ရှားပြီး ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၃) ရေဆိုးစုကန်များ၊ မိလ္လာကန်များ၊ အမှိုက်ပုံးများအားလုံးကို သက်ဆိုင်ရာ ရေဆိုး သန့်ရှင်းရေးအဖွဲ့အစည်းများ ခေါ်ယူရှင်းလင်းရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက် ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမှု လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ

များနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေး အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင် တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့်အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် –

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ)စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများအား ပြင်ပသို့ တိုက်ရိုက် စွန့်ပစ်ခြင်းမပြုဘဲ စွန့်ပစ်ရေသန့်စင်မှုစနစ်ဖြင့် ဆောင်ရွက်ရန်၊

(ဈဈ) စီမံကိန်းမှထွက်ရှိလာသော အနံ့များနှင့်ပတ်သက်၍ ပြင်ပသို့ အနံ့ဆိုး မထွက်ရှိရေး အနံ့ဆိုင်ရာစီမံခန့်ခွဲမှု ထားရှိ ဆောင်ရွက်ရန်၊

(ညည)ကြက်မွေးမြူရေးလုပ်ငန်းမှ ဇီဝပိုးမွှားများ ပတ်ဝန်းကျင်သို့ ကူးစက်ပြန့်ပွားမှု မရှိစေရေး ဇီဝလုံခြုံရေးဆိုင်ရာ အစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်(၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ စွန့်ပစ်ရေသန့်စင်သောစနစ်ထားရှိ၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှသာ စွန့်ပစ်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) အနံ့ထွက်ရှိမှု မရှိစေရေး ဆောင်ရွက်ရန်နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်ပါ အနံ့ယူနစ် ၅ မှ ၁၀ အတွင်း ရှိစေရေး စီမံ ဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက် ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ် ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြု သူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည် ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိ ရန်

လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်း ကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု

ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၈) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(၅) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း

လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ည) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှု များအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်

ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ

နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(ဖ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက)စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၄) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---